**နိုင်ငံတကာအမျိုးသမီးများနေ့အတွက် ကရင်အမျိုးသမီး အစည်းအရုံး ( KWO ) ၏ ထုတ်ပြန်ကြေညာချက်**

**၂၀၁၇ ခုနှစ် မတ်လ ၈ ရက်နေ့**

**"ပြောင်းလဲဖို့ ရဲရင့်စို့"**

ယနေ့ကျရောက်သော နိုင်ငံတကာအမျိုးသမီးများနေ့တွင် ဒုက္ခသည်စခန်းများနှင့် "ကော်သူးလေ" ဟုခေါ်သည့် ကျွမတို့ မွေးရပ်ဌာနေတွင် နေထိုင်နေကြသော ကရင်အမျိုးသမီးထုမှ မြန်မာနိုင်ငံနှင့်ကမ္ဘာတစ်ဝှမ်းလုံးရှိ အဖိနှိပ်ခံ အမျိုးသမီးများအားလုံး၏ အောင်မြင်မှုများအတွက်လည်းကောင်း၊ ၎င်းတို့၏ တော်လှန် တိုက်ပွဲဝင်မှုများ အတွက် လည်းကောင်း၊ ကျွမတို့မှ အမျိုးသမီးထုအားလုံးနှင့်အတူ အသိမှတ်ပြု ဆင်နွှဲပါသည်။ ယနေ့သည် ကြုံတွေ့နေရသည့် အခက်အခဲများအား အကြောက်တရားကင်းမဲ့စွာ မျိုးဆက်နှင့်ချီ ရင်ဆိုင်ခဲ့ရသည့် အဖိနှိပ်ခံ အမျိုးသမီးထုများ၊ အထူးသဖြင့် ပဋိပက္ခ ဖြစ်ပွားရာဒေသများအတွင်း နေထိုင်ရုန်းကန်နေကြရသည့် အမျိုးသမီး များနှင့်အတူ ကျွမတို့အနေဖြင့် သွေးစည်းညီညွတ်စွာ မားမားမတ်မတ် ရပ်တည်ကြောင်း ပြသသည့် နေ့တစ် နေ့လည်းဖြစ်ပါသည်။

ယနေ့ ကျရောက်သော (၁၀၆) ကြိမ်မြောက် နိုင်ငံတကာအမျိုးသမီးများနေ့အတွက် 'ပြောင်းလဲဖို့ ရဲရင့်စို့' ဟူသည့် ကြွေးကြော်သံ ချမှတ်ထားသည့်နှစ် ဖြစ်ပါသည်။ ကျွမတို့ လူမှုအသိုင်းအဝိုင်းအတွင်း မြင်ချင်သော ပြောင်း လဲမှုများ ဖြစ်ပေါ်လာစေရန် စွန့်စားမှုများ၊ ရဲရင့်မှုများနှင့်သာမက မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတစ် ကွ ပူးပေါင်းလုပ်ဆောင်မှုများနှင့် အဖြေရှာမှုများကို လုပ်ဆောင်ရမည်ဟု လည်း သတိချပ်စေပါသည်။

ကျွမတို့ လူထုအသိုင်းအဝိုင်းအတွင်းသာမက မြန်မာနိုင်ငံတွင်ပါ ကျွမတို့မြင်တွေ့လို၍ တောင်းဆိုချင်သည့် အပြောင်းအလဲများမှာ ---

၁။ ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ခေါင်းဆောင်မှုအဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေး

၂။ ကျွမတို့လူထုအသိုင်းအဝိုင်းနှင့် ခေါင်းဆောင်မှုပိုင်း ကဏ္ဍတိုင်း၊ အဆင့်တိုင်းတွင် အမျိုးသမီးများ ဦးဆောင်ပါဝင်မှုကို အားပေးမြှင့်တင်ပေးခြင်း

၃။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ အမျိုးသမီးများ စစ်မှန်စွာ ပူးပေါင်းပါဝင်ခွင့်ရရှိရေး

၄။ အမျိုးသမီးများကို နှိမ့်ချဆက်ဆံလိုသောဆန္ဒဖြင့် နောက်ယှက်စော်ကားခြင်းကို အမျိုးသားများမှ လက်နက်ကိရိယာတစ်ခုအဖြစ် အသုံးချလေ့ရှိသဖြင့် အမျိုးသမီးများအား နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက် ဖြစ်စေ နောက်ယှက်စော်ကားခြင်းများအား ရပ်တန့်စေရေးနှင့် နောက်ယှက်စော်ကားပါက သို့မဟုတ် ထိုသို့ပြုမူသည်ကို တွေ့ရှိပါက လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်

၅။ (KNU) နှင့် မြန်မာအစိုးအရတို့မှ ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင်၊ အထူးသဖြင့် နိုင်ငံရေးတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် (၃၀) ရာခိုင်နှုန်း ရှိရမည်ဟု နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာတွင် ကတိကဝတ်ပြုခဲ့ပြီး ဖြစ်ပါသည်။ ကျွမတို့အနေဖြင့် အာဏာရှိ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ၎င်းတို့ သဘောတူညီခဲ့သည့်အတိုင်း တာဝန်ယူ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်စေလိုပါသည်။

၆။ (KNU) နှင့် မြန်မာအစိုးအရတို့မှ လွှတ်တော်အတွင်း အမျိုးသမီးပါဝင်မှု (၃၀) ရာခိုင်နှုန်း ပြည့်မီစေ ရန်အတွက် မည်သို့သော တိကျသေချာသည့် လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည် ဖော် ဆောင်ရွက် မည်ဆိုသည် ကို ကျမတို့အနေဖြင့် သိရှိလိုပါသည်။

ယနေ့တွင် ကျမတို့နေထိုင်နေရသည့် အဖိနှိပ်ခံဘဝအား ရဲရင့်စွာ ဆန့်ကျင်တော်လှန်ခဲ့သော ကရင် အမျိုးသမီးများ၊ ၎င်းတို့ ကြိုးပမ်းဆောင်ရွက်မှုများအတွက် သမိုင်းစာမျက်နှာပေါ်တွင် တလေးတစား ဖေါ်ကျူးခြင်း မခံရ သော အမျိုးသမီးများအပါအဝင်၊ ၎င်းတို့၏ အောင်မြင်မှုများနှင့် ပေးဆပ်မှုများအတွက် တရားဝင် အသိ အမှတ် ပြု မခံခဲ့ရသော ကရင်အမျိုးသမီးများအားလုံးအား ဂုဏ်ပြုလိုပါသည်။ ထိုအမျိုးသမီးတို့သည် လူထု၏ ဆန္ဒ နှင့် အပြောင်းအလဲအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သူများဖြစ်ကြပြီး ကြီးမားသည့် အန္တရာယ်များကို ရဲရင့်မှု၊ နှိမ့် ချမှုတို့ဖြင့် ရင်ဆိုင်ခဲ့ကြသူများ ဖြစ်ကြပါသည်။ ထိုအမျိုးသမီးတို့သည်  ကြီးမားလှသည် ပေး ဆပ် မှု များကြောင့် အနေအထိုင်ဆင်းရဲစွာဖြင့် ၎င်းတို့၏ ရင်သွေးများ၊ မိသားစုဝင်များနှင့် အိမ်နီးချင်းများကို စောင့် ရှောက်ခဲ့ ကြရသည်။ ထိုအမျိုးသမီးများကို သင်တို့အားလုံး သိကြပါသည်။ သူတို့သည် ကျမတို့အားလုံး၏ မိခင်များ၊ ညီအစ် မများ၊ အဒေါ်များ၊ သမီးများနှင့် အဖွားများဖြစ်ကြသည်။ သူတို့သည် ပဋိပက္ခအတွင်း  အမျိုးသား များနေရာ၌ ရဲရဲဝံ့ဝံ့ရပ်တည်ခဲ့သည့် ရွာသူကြီးများဖြစ်သည်၊ သူတို့သည် ကျောင်းဆရာမများ၊ ကျန်းမာရေးဆိုင်ရာ ပြုစုစောင့် ရှောက်မှုအတွက် ဝန်ဆောင်မှုပေးသူများ ဖြစ်သည်၊ သူတို့သည် ကျောင်းသူများ၊ အလုပ်သမများ၊ ခေါင်းဆောင် များနှင့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ ကရင်အမျိုးသမီးများအနေဖြင့် အ ပြောင်း အလဲ အတွက် လိုအပ်သည့်ပေးဆပ်မှုများ ပြုလုပ်ခဲ့ကြပြီး ဖြစ်သော်လည်း လူမှု အသိုင်းအဝိုင်း အတွင်း ပိုမိုကောင်း မွန်သည့် အပြောင်းအလဲများအတွက် ဆက်လက်၍ ပေးဆပ်နေရဆဲ ဖြစ်သည်။ သို့သော် ကျမတို့၏ လုပ် ဆောင်မှုများအတွက် လူမှုအသိုင်းအဝိုင်းမှ အသိအမှတ်ပြုခြင်းနှင့် ချီးမွမ်းခြင်းများ ခံရလေ့ မရှိပေ။ ကျမတို့ သည် ဆုံးဖြတ်ချက်များချသော နေရာများနှင့် ဆွေးနွေးပွဲစကားဝိုင်းများ၏ အပြင်၌သာ ဘေးဖယ်ခံနေဆဲဖြစ် သည်။

နေထိုင်ရာ နေရာဒေသအတွင်းရှိ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့်  ကျမတို့သည် ဒုက္ခသည်များဖြစ်နေကြရသည်။ ကရင်လူမျိုးများအနေဖြင့် ဒုက္ခသည်စခန်းများတွင် လူ့ဂုဏ်သိက္ခာဖြင့် ရှင်သန်ရပ် တည်နိုင်ရေး နှစ်ပေါင်း (၃၀) ကျော်ကြာ လှုပ်ရှားရုန်းကန် နေခဲ့ကြရသည်။ ဒုက္ခသည် ဆိုသော ဘဝသည် မည်သည့်အခါမျှ လွယ်ကူ အေးချမ်းသည်ဟူ၍ မရှိပါ။ အခြေခံလိုအပ်ချက်နှင့် ဝန်ဆောင်မှုများ၊ အရင်းအမြစ်များ နှစ် စဉ်လျှော့ချခံရခြင်းကြောင့် ဒုက္ခသည်များအတွက် ပို၍ပင် ခက်ခဲလာပါသည်။ ဒုက္ခသည်များသည် စခန်း အပြင်ထွက် ကာ ဝင်ငွေရှာခွင့်မရှိခြင်း၊ သို့တည်းမဟုတ် အသက်မွေးဝမ်းကြောင်း လုပ်ခွင့် မရရှိကြသဖြင့် စားလောက်ရုံလေးအတွက်ကိုပင် မနည်းရုန်းကန်နေကြရသည်။ ကျမတို့အား မည်သို့မည်ပုံ အုပ်ချုပ်ထားသည်၊ မည် သည့်အ ခွင့်အရေးများသာ ခံစားခွင့်ရှိသည်ဆိုသည့် အကြောင်းကို ပြောခွင့်ရရေးအတွက်ကိုပင်  ရုန်းကန် နေ ကြ ရသည်။

ကျမတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ နှစ်ပေါင်းများစွာကင်းမဲ့နေခြင်းကြောင့် ကရင်လူမျိုးအများစုသည် မိမိကျေးရွာနှင့် မိသားစုကို ချန်ထားခဲ့ရခြင်း၊ နိုင်ငံရပ်ခြား၌ ရွှေ့ပြောင်းအလုပ်သမား ဘဝဖြင့် စိုးရိမ်ကြောင့်ကြမှုများကြားထဲတွင် အလုပ်လုပ်ကိုင်ကြရခြင်းတို့ကြောင့် မိသားစုနှင့် မိမိတို့ကိုယ်ပိုင် ယဉ်ကျေးမှုများနှင့် ဝေးကွာကာ  ရုန်းကန်ကြရသည်။ ၎င်းတို့အများစုမှာ အမျိုး သမီးများဖြစ်ကြပြီး ကျန်ရစ်ခဲ့သည့် မိသားစုများကို ပြန်လည်ထောက်ပံ့ပေးနေကြသူများ ဖြစ်ကြသည်။

ယနေ့အချိန်အခါတွင် ကျမတို့အားလုံးနီးထကြပါစို့၊ ကျမတို့အားလုံး မျှော်လင့်ချက်နှင့်အတူ ရှင်သန်ကြပါစို့၊ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရန် အတူတစ်ကွ ဆက်လက်တော်လှန်တိုက်ပွဲဆင်နွဲကြပါစို့။ ကျမတို့အားလုံး အတုယူလိုက်နာသင့်သည့် ရဲရင့်ထက်မြက်သည့် ကရင်အမျိုးသမီးခေါင်းဆောင်များကို စံနမူနာထား၍ အခြေအနေ အရပ်ရပ်ရှိ အမျိုးသမီးများသာမက အမျိုးသားများကိုပါ အတုယူနိုင်ရန် နှိုးဆော်လိုပါသည်။ ပဒိုနော်စီဖိုးရာစိန် (ကရင်အမျိုးသားအစည်းအရုံး၏ ဒုဥက္ကဋ္ဌ)၊ ပဒိုးနော်မြိုင်ဖိုး (ကရင်အမျိုးသားအစည်းအရုံး၏ တရားသူကြီးချုပ်) တို့ကို ကျမတို့ အတုယူရပါမည်။ ထိုနည်းတူ ဆရာမ လူဝီဇာ ဘဲန်ဆင်၊ မေရီ အုန်း နှင့် ဆရာမ နော်ခါးရီ တို့သည်လည်း အတုယူဖွယ် အမျိုးသမီးများဖြစ်သည်။ ကျမတို့အနေဖြင့် ထိုသူတို့၏ အောင်မြင်မှုများကို တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ အဖိနှိပ်ခံဘဝအခြေအနေအောက် ကျရောက်နေစဉ်အချိန်တွင်ပင် ကောင်းမွန်သည့် အပြောင်းအလဲကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နိုင်သည်ကို ကျမတို့မြင်ခဲ့ သိခဲ့ရပြီး ဖြစ်ပါသည်။ ကျမတို့အမျိုးသမီးများသည် လွတ်လပ်မှုနှင့် သြဇာအရှိန်အဝါအား တခြားသူများနည်းတူ ရှာဖွေကြံဆ လုပ်ကိုင်ဖော်ဆောင်နိုင်သူများ ဖြစ်ကြပါသည်။

ယနေ့အခါသမယတွင် ကျမတို့အနေဖြင့် ကော်သူးလေတွင် တော်လှန်တိုက်ပွဲဝင်နေသော ညီအစ်မများ၊ ရွှေ့ပြောင်း အလုပ်သမားများ (သို့မဟုတ်) ဒုက္ခသည်များနှင့် ကမ္ဘာတစ်ဝှမ်းရှိ ပဋိပက္ခများအတွင်း အခက် အ ခဲများ ရင်ဆိုင်နေကြရသည့် ညီအစ်မများနှင့် သွေးစည်းညီညွတ်စွာ ရပ်တည်ပါသည်။ ယနေ့အခါသမယတွင် ကျမ တို့၏လက်များအား ချစ်ကြည်ရင်းနှီးစွာ ကမ်းလင့်ပြီး ကျမတို့အနေဖြင့် အပြောင်းအလဲများအတွက် သတ္တိရှိ ပါမည်ဟုလည်း သံမိဌာန် ပြုအပ်ပါသည်။

ဆက်သွယ်ရန် နေရပ်လိပ်စာ--

၁။ နော်ကညောဖော -- ဝ၈၁ ဝ၂၉ ၅၅ဝ၃ (ကရင် ၊ အင်္ဂလိပ်)

၂။ နော်စေးစေးဟဲ-- ဝ၈၉ ၂၆၆ ၈၅၇၃ (ကရင် ၊ မြန်မာ)